**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**မတ်လ ၃၀ ရက်၊ ၂၀၂၂ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက် မတ်လ ၁၄ ရက်မှ မတ်လ ၂၇ ရက် ၂၀၂၂ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီ ၁ မတ်လ ၁၃ | မတ်လ ၁၄-၂၇ | စုစုပေါင်း |
|---|---|---|---|---|
| **၁** | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၂၃၅ | ၅ | ၂၄၀ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၂၈၃ | ၈ | ၂၉၁ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၁၇၇ | ၂ | ၁၇၉ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၈၂ | ၂ | ၈၄ |
| | ဒီးမော့ဆိုမြို့နယ် | ၃၇၁ | ၁ | ၃၇၂ |
| | ဖယ်ခုံမြို့နယ် | ၁၁၉ | | ၁၁၉ |
| | ဖရူဆိုမြို့နယ် | ၇ | | ၇ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ မတ်လ ၁၃ ရက်နေ့ အထိ** | **IDPs အသစ် မတ်လ ၁၄ ရက်နေ့- မတ်လ ၂၇ ရက်နေ့** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၇၈၂၆၅ | | ၇၈၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၁၀၀၀ | | ၅၁၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၃၇၄၁ |
| | **စုစုပေါင်း** | **၁၉၇၁၁၅** | | **၁၉၇၁၁၅** |



စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မတ်လ(၁၄)ရက်မှ မတ်လ(၂၇)ရက်၊ ၂၀၂၂ခုနှစ်
N
W
E
S
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီးမော့ဆို
ဖရူဆို
ဘောလခဲ
ရှာသစ်
ရှားတော
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
သံလွင်
သံလွင်
# ၁
# ၂
အညွှန်း
အိမ်မီးရှို့ခြင်း
လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်း
စကစ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးနေရာ
စစ်ဘေးရှောင်နေရာများ
တည်ဆောက်ပြီး ရေကာတာများ
တည်ဆောက်ရန်လျာထားသည့် ရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
လက်နက်ကြီးဖြင့် ပစ်ခပတ်မှု
KNPP/KNDF နှင့် စကစ တိုက်ပွဲနေရာများ
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများ
မြန်မာစစ်တပ်အခြေပြုနေရာများနှင့် စစ်ဆင်ရေးဌါနချုပ်
အမှတ်(၁၄)စစ်တပ် လေ့ကျင့်ရေးကျောင်း
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်ဌါနချုပ်
မြို့နယ်
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
0 4.5 9 18 27 36 ကီလိုမီတာ

- **ဆက်လက်ဖြစ်ပေါ်နေသော စကစ၏ ထိုးစစ်ဆင်မှုများ၊ ရမ်းသမ်းပစ်ခတ်မှုများ တရားမဲ့သတ်ဖြတ်မှုများနှင့် နေအိမ်များမီးရှို့ဖျက်ဆီးမှုများ**

လွန်ခဲ့သော နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် ကရင်နီပြည်နယ် မြောက်ဘက်မှ အရေးပါသော သယ်ယူပို့ဆောင်ရေးလမ်းအား ပြန်လည် သိမ်းပိုက်နိုင်ရန်အတွက် ဆက်လက် ထိုးစစ်ဆင်နေသော်လည်း ဒေသခံတပ်များမှ ဟန့်တားမှုများ ပြုလုပ်ခဲ့သည်။ သည့်အပြင် စစ်ကောင်စီတပ်များသည် သံလွင်မြစ်အရှေ့ဘက်ခြမ်းတွင် ရိက္ခာများအား တောလမ်းဖြင့် သယ်ယူနိုင်ရန်အတွက် ကြိုးစားသော်လည်း တားစီးခြင်းခံနေရသည်။ ပြီးခဲ့သည့် အပတ်ကဲသို့ လေယာဉ်ပျံဖြင့် တိုက်ခိုက်ခြင်းများ မပြုလုပ်ခြင်းသည် ရာသီတောမီးလောင်ခြင်းများမှ မီးခိုးများဖြစ်ပေါ်စေကာ မြင်နိုင်စွမ်းအားနည်းခြင်းကြောင့် လေယာဉ်ဖြင့် တိုက်ခိုက်ခြင်းများ မပြုလုပ်လာနိုင်ခြင်းများ ဖြစ်နိုင်သည်။

မတ်လ (၁၅)ရက်နေ့၊ လွိုင်ကော်မြို့၊ ဒေါဥခုရပ်ကွက်အနီးတွင် ပျက်စီးနေသည့် ရုပ်အလောင်း (၂)လောင်းအား ပရဟိတ အသင်းတစ်သင်းမှ တွေ့ရှိပြီး သဂြိုလ်ပေးသွားခဲ့သည်။ နံနက် ၁နာရီ ၁၅မိနစ်ခန့်တွင် စစ်ကောင်စီမှ စစ်ရှောင်ရွာသားများရှိရာ ဒီးမော့ဆိုမြို့နယ်၊ ဒေါဲစဲကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ရမ်းသမ်း ပစ်ခတ်ခဲ့သည့်အတွက် ဆေးပေးခန်းအဆောက်အအုံတစ်လုံး ထိမှန်ပျက်စီးသွားခဲ့သည်။

မတ်လ (၁၆)ရက်နေ့၊ ရှမ်း – ကရင်နီနယ်စပ်၊ ဆောင်ကန်းကျေးရွာတွင် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်များနှင့် KNDF, Pehkon PDF ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ ဖယ်ခုံ PDF မှ (၂)ဦးကျကာ စစ်ကောင်စီမှ ထိခိုက်ကျဆုံးမှုများပြီး စစ်ကောင်စီ၏ လက်နက်ခဲယမ်းများကိုလည်း သိမ်းဆည်းရမိသည်။ ည ၈နာရီ ၃၀ မိနစ်ခန့်တွင် စစ်ကောင်စီတပ်၏ လက်နက်ကြီးများ ပစ်ခတ်မှုကြောင့်လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာမှ နေအိမ်တစ်လုံး ထိမှန်ပျက်စီးသွားခဲ့ပါသည်။

မတ်လ (၁၈)ရက်နေ့၊ နံနက် (၇)နာရီအချိန်တွင် KNDF B–15 မှ ဖရူဆိုမြို့မရဲစခန်းနှင့် ခမရ(၅၃၁) တပ်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်မှ (၄)ဦး သေဆုံးပြီး အချို့ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။ ထို့အပြင် ဒီးမော့ဆိုမြို့နယ်၊ အူးခူးရီကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို အလယ်ပိုင်းတိုင်း အထူးစစ်ဆင်ရေးအဖွဲ့၊ လွိုင်ကော် PDF, Deemawso PDF စနိုက်ပါအဖွဲ့တို့မှ ပူးပေါင်းတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်မှ (၄)ဦးသေဆုံးသွားခဲ့သည်။ ထိုတစ်ရက်တည်းတွင် ဒီးမော့ဆိုမမြို့နယ်၊ တနီးလာလဲကျေးရွာ၌ စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် ကျေးရွာရှိ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့်အပြင် အိမ်မွေးတိရိစ္ဆာန် ဖြစ်သည့်နွားများအား ထိမှန်သေဆုံးသွားခဲ့သည်။

မတ်လ (၁၉)ရက်နေ့နှင့် (၂၀)ရက်နေ့တွင် လွိုင်ကော်မြို့နယ်၊ ကယန်းသာယာလမ်းခွဲအနီးရှိ စစ်ဆေးရေးဂိတ် အနီးတွင် KA, KNDF ပူးပေါင်းတပ်နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်မှ (၂)ဦးကျဆုံးကြောင်း KNDF မှ ထုတ်ပြန်ထားပါသည်။ မတ်လ ၁၉ ရက်နေ့၊ နံနက် ၆ နာရီအချိန်တွင် စစ်ကောင်စီတပ်များ၏ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် လွိုင်ကော်မြို့နယ်၊ စက်မှုဇုံရပ်ကွက်ရှိ နေအိမ်တစ်လုံးအား ထိမှန်ပြီး မီးလောင်ပျက်စီးသွားခဲ့သည်။

မတ်လ (၂၂)ရက်နေ့တွင် ဒီးမော့ဆိုမြို့နယ်၊ ထူလွိုးဘီလာကျေးရွာရှိ နေအိမ်နှစ်လုံးအား စစ်ကောင်စီတပ်မှ မီးရှို့သွားခဲ့ပါသည်။ တစ်ရက်တည်းတွင် စစ်ရှောင်ပြည်သူများ အတွက် လှူဒါန်းသောပစ္စည်းများအား သွားရောက်ထုတ်ယူနေသည့် မင်းဦးနှင့် သက်မူးအောင်တို့ကို လွိုင်ကောင်အဝေးပြေးကားဂိတ်တွင် ဖမ်းဆီးပြီး ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၅ (က) ဖြင့် ထောင်ဒဏ် (၃)နှစ် မတရားချမှတ်လိုက်သည်။

မတ်လ (၂၃)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ စံပြခြောက်မိုင် ကယောပိုင်း၌ အသတ်ခံနေရသည့် ပြည်သူ (၃)ဦး၏ ရုပ်အလောင်းကို KNDF B–9 မှ ရှာဖွေတွေ့ရှိခဲ့ပါသည်။ အသတ်ခံရသူများသည် လွန်ခဲ့သည့် နှစ်လလောက်ကပင် စစ်ရှောင်ရာမှ ကျေးရွာသို့ရိက္ခာ ပြန်လာယူရင်း ပျောက်ဆုံးသွားသည့် ပြည်သူ (၅)ဦးထဲမှ (၃) ဦးဖြစ်သည်။

မတ်လ (၂၄) ရက်နေ့၊ ကရင်နီပြည် ဖရူဆိုမြို့နယ် ငွေတောင်ရွာသစ်ကျေးရွာသို့ စစ်ကြောင်းထိုးလာသော အင်အား ၅၀ ဝန်းကျင်ခန့် စစ်ကောင်စီတပ်များနှင့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး နှစ်ဖက်အကျအဆုံးရှိခဲ့ကြောင်း  KNDF B-15 မှ ထုတ်ပြန်သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ ဒေသခံ နေအိမ်များအား မီးရှို့ဖျက်စီးမှုများ ရှိနေပြီး ၎င်းအရေအတွက် အတိအကျအား မသိရှိရသေးပေ။ ထို့အပြင် ရှမ်းပြည်နယ် တောင်ကြီးတွင် ကရင်နီစစ်ဘေးရှောင်ပြည်သူများအား ကူညီပေးနေသူ ပရဟိတလူငယ် (၆)ဦးကို စစ်ကောင်စီတပ်များမှ ဖမ်းဆီးလိုက်သည်။



စကစ လက်နက်ကြီးကြောင့် ဆေးခန်းအဆောက်အအုံတစ်လုံး ထိမှန်ပျက်စီး ဒေါ်ခဲ


သတ်ဖြတ်ခံရသည့် အရပ်သား (၃)ဦး ဒေါ်ဥခူရပ်ကွက် လွိုင်ကော်

မတ်လ (၂၅)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ စံပြ ၆ မိုင်ကျေးရွာတွင် စစ်ကောင်စီတပ်များ စစ်ကြောင်းထိုးလာပြီး ကရင်နီတပ်မတော် (KA) ၊ KNDF B-09၊ KNDF B-19 ၊ PDF တပ်ရင်း ( D ) တို့ ထိတွေ့ တိုက်ပွဲ နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ နံနက် ၁၀နာရီတွင် ဒီးမော့ဆိုမြို့ ၆မိုင်အုပ်စု ဘက်တလိန်ကျေးရွာ လမ်းမကြီးတစ်လျှောက်နှင့် ပန်ကန်း၊ ဒေါပိုးစီလမ်းမကြီးတစ်လျှောက် ထိုးဖောက်ဝင်ရောက်လာပြီး ညနေပိုင်း ၄နာရီအချိန်တွင်စတင် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်များမှ ငါးမိုင်ကျေးရွာရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီး သွားခဲ့သည်။ သည့်အပြင် မတ်လ ၂၆ရက်နေ့ နံနက် ၇နာရီ ၄၅မိနစ်မှစပြီး စစ်ကောင်စီတပ်များမှ ငါးမိုင်ကျေးရွာရှိ လူနေအိမ်များအား ဆက်လက်မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်သွားခဲ့သည်။

- **ပူပြင်းသောနွေရာသီတွင် စစ်ဘေးရှောင်များ ရေရှားပါးမှုနှင့် ပိုမိုကြုံတွေ့နေ**

ကရင်နီပြည်တွင် လမ်းမကြီးများမှ ရိက္ခာများသယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့်သော်လည်းကောင်း တိုက်ပွဲများအဆက်မပြတ် ဖြစ်ပွားမှုများကြောင့်သော်လည်းကောင်း စားနပ်ရိက္ခာပြတ်တောင်မှုများနှင့်

ဆက်လက်ကြုံတွေ့နေရသည်။ ပူပြင်းသောရာသီကြောင့် ရေခမ်းခြောက်မှုများဖြစ်ပေါ်ကာ ရေပြတ်လတ်မှုများ ဖြစ်ပေါ်စေသည်။ စစ်ဘေးရှောင်စခန်းအချို့တွင် နီးစပ်ရာရေများ ရရှိနိုင်ရန်အတွက် တစ်နာရီကြာ လမ်းလျှောက်ပြီး အလွန်ရှားပါးသော ရေအား ခပ်ယူနေကြရသည်။

ထို့အပြင် လက်ရှိတွင် Covid 19 မျိုးကွဲ အိုမီခရွန် ရောဂါလက္ခဏာများ စစ်ဘေးရှောင်စခန်းများတွင် ဖြစ်ပွားနေသော်လည်း စစ်သပ်သည့် ကိရိယာများမရှိသည့်အတွက် အတည်မပြုနိုင်ပေ။ လက်ရှိတွင် စစ်ဘေးရှောင်စခန်းများ၌ ဆေးဝါးပြတ်လပ်မှုနှင့် ရင်ဆိုင်နေကြရသည်။


**Contact persons:**

Khu Ko Reh		Tel: +666 5329 7814

Khu Ruby		Tel: +666 3184 2980

Website : www.karennicsn.org

Facebook: Karenni Csn

Email: kcsn2010@gmail.com